

# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ
# အစီရင်ခံစာ

(ဇန်နဝါရီ – ဇွန် ၂၀၁၈)

လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ)

https://www.nd-burma.org

office@nd-burma.org

မျက်နှာဖုံး ဓါတ်ပုံ - ပရင်းမော်တွင်ပိတ်မိနေစဉ် လမ်းဖွင့်ဖို့စောင့်နေသော ပြည်သူများ
ဓါတ်ပုံ (KWAT)

ပုံနှိပ် - လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (မြန်မာနိုင်ငံ)

GPO 315, Chiang Mai 50000, Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org

# ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ်ရှိသည့်တိုင် အမှန်တရားကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ND-Burma ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက်ယူပေးခဲ့သော ကွင်းဆင်းသတင်း ကောက်ယူသူ အားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အရေးကြီးသည့် အကူအညီများပေးခဲ့သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့ အစည်း များအား အထူးပင် ကျေးဇူးတင်ပါသည်။

# ND-Burma အကြောင်း

ND-Burma ၏ အဖွဲ့ဝင် ၁၆ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်၊ နစ်နာခဲ့သူများ၏ တရားမျှတမှု ရရှိရေးအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၀၄ ခုနှစ် မှစပြီး မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်။

အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP-B)

၂။ မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (Hurform)

၃။ ကရင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)

၄။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)

၅။ တအာင်းကျောင်းသားနှင့် လူငယ်အဖွဲ့အစည်း (TSYO)

၆။ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)

ဆက်စပ်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်ကွန်ဂရက် (AASYC)

၂။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)

၃။ နိုင်ငံတကာ မြေကမ္ဘာအခွင့်အရေးအဖွဲ့ (ERI)

၄။ ပအိုဝ်းလူငယ်အဖွဲ့ (PYO)

၅။ လူ့အခွင့်အရေး ကာကွယ် မြှင့်တင်သူများအဖွဲ့ (HRDP)

၆။ နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (ပဲခူးအရှေ့ခြမ်း)

၇။ ရွှေပြေးအသံအဖွဲ့ (PV)

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

## ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၊ ND-Burma ၏ ကွင်းဆင်းအချက် အလက်ကောက် ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများကောက်ယူရာတွင် အကြီးအကျယ် အန္တရာယ်ရှိသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ လုံခြုံရေးအခြေ အနေကြောင့် လူ့အခွင့်အရေးမှတ်တမ်း တင်ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင် သည့်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အပစ်အခတ်ရပ်စဲထားသည့် နေရာများတွင်ပင် ကွင်းဆင်းအချက်အလက်ကောက်ယူသူများနှင့် ၎င်း တို့ဆက်သွယ်သည့် ပြည်သူလူထုမှာ လုံခြုံရေးအန္တရာယ်ကို ကြုံတွေ့ရတတ်သည်။ အဘယ်ကြောင့်ဆိုသော် စစ် တပ်နှင့် ရဲတပ်ဖွဲ့က ကျူးလွန်ချိုးဖောက်ခံရသူများကို ဆိတ်ဆိတ် နေကြရန် မကြာခန ခြိမ်းခြောက်၊ သတိပေးနေ၍ ဖြစ်သည်။ အကယ်၍ စစ်တပ်နှင့် ရဲတို့က ကွင်းဆင်းသတင်း ကောက်ယူသူတဦးအား ၎င်းမှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက် အလက်များနှင့်အတူတွေ့ရှိပါက၊ အဆိုပါ ကွင်းဆင်းသမားသည် မတရားသည့်ဥပဒေများအရ အရေးယူခံရနိုင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခံရခြင်းနှင့် အကြမ်းဖက် နှိပ်စက်ခြင်းခံရ နိုင်သည်။

ကွင်းဆင်း၍ အချက်အလက် ကောက်ယူနေကြသူများသည် အဖြစ်အပျက်များအားပြောပြ၊ သတင်း ပေး သူများအပေါ် အခြေခံ၍ မှတ်တမ်းတင်ကြရသည်။ ထို့ကြောင့် ကွန်ရက်၏ ကွင်းဆင်းအချက်အလက် ကောက် ယူသူများ၏ အဆက်အသွယ်များသည် နောက်ထပ် သတင်းပေးနိုင်မည့် အဆက်အသွယ်များ၊ တွေ့ဆုံမေးမြန်း ခွင့်ပေးမည့် လူပုဂ္ဂိုလ်များ၊ ရပ်ရွာ ခေါင်းဆောင်များနှင့် အစိုးရဝန်ထမ်းများ ပူးပေါင်းလာအောင် ဆောင် ရွက်ရသည်။

**မှတ်တမ်းတင်ခြင်း** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)သည် နိုင်ငံတကာ လူ့အခွင့်ရေး အန်ဂျီအို များ၏ ကူညီမှုဖြင့် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူသူများကို သင်တန်း ပေးသည်။ ထို့နောက် ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသ ကြီးများတွင် တွေ့ဆုံမေးမြန်း၍ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူစုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့်အခွင့်အလမ်းနှင့် အခြေအနေအပေါ်မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံသည့် အချိန်ကာလအတွင်း ဖြစ်ရပ်များသည် အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက် ကိုင် အဖွဲ့များ (EAOs) များ ကျူးလွန်မှုများဖြစ်သည်။

သို့သော်လည်း မိမိတို့အနေဖြင့် သတင်းအချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက်အ ချို့နှင့် ကြုံတွေ့ရသည်။ ပထမအချက်အနေဖြင့် လုံခြုံရေးတင်းကြပ်ထားမှုကြောင့် မြန်မာနိုင်ငံတဝှန်း ဖြစ်ပွားနေ သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ND-Burma မှ ကွင်းဆင်းသတင်း ကောက်ယူသူများသည် စုဆောင်း၊ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။

ဒုတိယအနေဖြင့် - လက်ရှိစစ်ပွဲများ ဖြစ်ပွားနေခြင်းနှင့် စစ်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေရမှုတို့က လည်း ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားနေသည့် ဒေသများသို့ သွား ရောက် မှတ်တမ်းတင်ရန်အတွက် အတားအဆီးများ ဖြစ်ပေါ်စေသည်။

ND-Burma အနေဖြင့် လတ်တလောတွင် ရခိုင်ပြည်နယ်၌ မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် ရခိုင်ဒေသမှ လူ့အခွင့်အရေးအခြေအနေကို ထည့်သွင်းနိုင်ခြင်းမရှိပေ။

နောက်ဆုံးအနေဖြင့် စစ်တပ်အနေဖြင့် အပစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူတို့မှာလည်း လက်စားချေ၊ ဒဏ်ခတ်ခံရမည်ကို ကြောက်ရွံ့နေမှု ရှိနေသဖြင့် ထုတ်ဖော်ပြောဆိုရန် အခွင့်အရေး ရနေသည့်တိုင်အောင် ပြောဆိုရန် ဝန်လေးနေကြခြင်း တို့ကြောင့်ဖြစ်သည်။

နောက်ထပ် သတင်းအချက်အလက်များကို သတင်းမီဒီယာများနှင့် NGO အစီရင်ခံစာများ မှ ရရှိပါသည်။

**အချက်အလက်စီမံခန့်ခွဲမှု** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက် ကောက်ယူစုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့ အစည်း ထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိဝန်ထမ်းများက ကွန်ရက်မှ တပြေးညီအသုံးပြုသည့် Martus ခေါ် ဒေတာဘေ့စ်အတွင်း သတင်းအ ချက်အလက်များ ထည့်သွင်းသည်။

ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေးအလုပ်အဖွဲ့ (Data Management Team) က အချက်အလက် များအား သုံးသပ်၍ ပြင်ဆင်စုစည်းပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပွားခဲ့သောချိုးဖောက်မှုများအနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်း အချက်အလက်များကိုလည်း ပိုမိုအားကောင်းသည့် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည်သည်။

# အကျဉ်းချုပ်


- ❖ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၄ နေရာတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ၄၅ ခုကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ၆ လ တာကာလအတွင်း ဖြစ်ရပ်ပေါင်း ၂၄ ခုနှင့် တနှစ်လုံးတွင် ဖြစ်ရပ်ပေါင်း ၅၀ ကို မှတ်တမ်းတင်နိုင်ခဲ့သည်။
- ❖ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာခြင်း၏ ရလဒ်အဖြစ် လူ့အခွင့်အရေးချိုးဖောက်မှု များ များပြားလာသည်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှု ၄ ပုံ ၃ ပုံကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဒေသများတွင် အရပ်သားများမှာ လက်နက်ကြီးဖြင့် ပစ်ခတ်ခံရခြင်း၊ မတရားဖမ်းဆီး နှိပ်စက်ခံရခြင်းနှင့် မြေမြှုပ်မိုင်းကြောင့် သေဆုံး၊ ဒဏ်ရာရရှိကြရသည်။
- ❖ ယခုအစီရင်ခံသည့်ကာလအတွင်းအခြေခံလွတ်လပ်ခွင့်များရုပ်သိမ်းခံရသည်ကိုတွေ့ရသည်၊ ရခိုင်ပြည်နယ်တွင် အရပ်သားများ ဆန္ဒပြသည်ကို ရဲက နှိမ်နင်းခဲ့ရာ သေဆုံး၊ ဒဏ်ရာရမှုများရှိခဲ့ပြီး၊ လက်သည်မပေါ်သည့် ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ဖမ်းဆီးခံရသည်။ ရန်ကုန်တွင် စစ်ဆန့်ကျင်သည့် ဆန္ဒပြမှုကြောင့် ပါဝင်ခဲ့သူများကို ထိန်းသိမ်းမှုများ ရှိခဲ့သည်။
- ❖ လူ့အခွင့်အရေးချိုးဖောက်မှု အများစုကို အစိုးရတပ်များက ကျူးလွန်ခဲ့သည်။ မြေမြှုပ်မိုင်းကြောင့် သေဆုံး ဒဏ်ရာရမှုများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သည့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်း၊ အတင်းအကြပ် လူသစ်စုဆောင်းခြင်းနှင့် ခိုင်းစေခြင်း၊ ရပ်ရွာများအတွင်း တိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံးခြင်းတို့ပါဝင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

❖ အဆိုပါချိုးဖောက်မှုများအတွက် တရားမျှတမှုကို မရရှိသေးပါ။ ဖြစ်ရပ်တခုတွင်သာ ရှမ်းပြည်မြောက်ပိုင်းတွင် စစ်သားတဦးက ကျူးလွန်သည့် အဓမ္မပြုကျင့်မှုအတွက် ပြုကျင့်ခံရသူ အမျိုးသမီး၏ မိသားစုအား မြန်မာ စစ်တပ် မှ ကျပ် ၂ သိန်း (အမေရိကန် ဒေါ်လာ ၁၅၀ ခန့်) ပေးခဲ့သည်။

❖ ND-Burma ၏မှတ်တမ်းတင်မှုများကပြသနေသည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်အရေးယူမှု မရှိသရွေ့ ဆက်လက်ချိုးဖောက်မှုများ ဖြစ်ပွားနေဦးမည်ဖြစ်သည်။ အစိုးရတပ်များအနေဖြင့် အထူးသဖြင့် စစ်မက်ဖြစ်ပွားနေသည့် ဒေသများတွင် လူ့အသက်ကို တန်ဖိုးထားမှု အနည်းငယ်သာ ရှိနေပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း လူ့အခွင့်အရေးချိုးဖောက်မှု များရှိနေသည်ကိုတွေ့ရသည်။ အရပ်သားပြည်သူများမှာ နစ်နာသူ ဓားစာခံများဖြစ်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် အပြစ်ရှိသူများအပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှု အဆုံးသတ်စေရန်အတွက် အစိုးရ၏ပြန်လည်ကုစား ပေးလျော်သည့် လုပ်ငန်းများအဆောတလျင်ဆောင်ရွက်ရန် လိုအပ်နေသည်။

ND-Burma မှ မှတ်တမ်းပြုစုထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများပြမြေပုံ

(ဇန်နဝါရီ - ဇွန် ၂၀၁၈)



# အကျဉ်းချုပ် သုံးသပ်ချက်

## ပဋိပက္ခနှင့် ရွှေ့ပြောင်းရမှုများ

ယခုအစီရင်ခံသည့်ကာလတွင် ခန့်မှန်းခြေ တိုက်ပွဲ ၇၈ ကြိမ်ဖြစ်ပွားပြီး အကျိုးဆက်အနေဖြင့် စစ်ပြေး ဒုက္ခသည် အသစ် ၁၈,၀၀၀ ရှိလာခြင်းဖြစ်သည်။[၁] ယခုအစီရင်ခံစာ ရေးသားနေချိန်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် စစ်ပြေး ဒုက္ခသည် ခန့်မှန်းခြေ ၁၀၆,၀၀၀ ရှိနေသည်။ အစိုးရက ရခိုင်၊ ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်တို့ တွင် စစ်ရှောင်ဒုက္ခသည်စခန်းများ ပိတ်ပင်တော့မည်ဟု ကြေငြာမှုအပေါ် ဝေဖန်မှုများရှိနေပြီး အဆိုပါစခန်းများတွင် စစ်ပြေးဒုက္ခသည် ၁၆၀,၀၀၀ ခန့် နေထိုင်လျှက်ရှိသည်။

### ကချင်ပြည်နယ်

ယခုအစီရင်ခံသည့်ကာလအတွင်း ကချင်ပြည်နယ်တွင် တိုက်ပွဲများ သိသိသာသာ များပြားပြင်းထန်လာသည်။ ကချင်လွတ် လပ်ရေးတပ်မတော် (KIA) စတင်လက်နက်စွဲကိုင်ခဲ့သည့် ၁၉၆၁ ခုနှစ်မှစပြီး ယခုအချိန်သည် တပ်မတော်မှ KIA အပေါ် အပြင်းထန်ဆုံး ထိုးစစ်ဆင်နေခြင်းဖြစ်သည်။[၂] စစ်ဆင်မှုများ ယခုအစီရင်ခံသည့် ကာလအတွင်း ဖြစ်ပွားနေပြီး KIA ထိန်းချုပ်ထားသည့် နေရာ ၃ နေရာကို ထိုးစစ်ဆင်သည့် ဧပြီလလယ်မှ မေလကုန်အထိမှာ တိုက်ပွဲများ အပြင်းထန်ဆုံး ဖြစ်သည်။ ရွာသားများနေထိုင်သည့်နေရာများကို ဗုံးကြဲခြင်းအပါအဝင် ဖြစ်ပြီး အချိန်တိုအတွင်း ရွာသား ၇,၀၀၀ စစ်ပြေး ဒုက္ခသည်များအဖြစ် နေရပ်ရင်းစွန့်ခွာခဲ့ရသည်။[၃]

ကာမိုင်းမြို့နယ်တွင် စစ်တပ်မှ တိုက်ခိုက်မှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း ရွာသွားများအား သတိပေး ပြောကြားပြီး စစ်သားများနှင့်အတူ တောတွင်း ၂ ရက်ကြာ အတူလိုက်ပါခဲ့ရသည်။ ရွာသားများမှာ လူသားဒိုင်းများနှင့် မိုင်းရှင်းရေးကရိယာများအဖြစ်ပါ အသုံးချခံရသည်။[၄]

တီးတိန်မြို့နယ်တွင် စစ်တပ်က တိုက်လေယာဉ်များအသုံးပြုပြီး အရပ်သားများအပေါ် တိုက်ခိုက်ခဲ့ရာ အသက် ၂၁ နှစ်အရွယ် အမျိုးသားတဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူအချို့ရှိခဲ့သည် (ဖြစ်ရပ် ၁ နှင့် ၂)။ ရွာသားများမှာ တိုက်ပွဲများကြောင့် ထွက်ပြေးကြပြီး မြန်မာစစ်တပ်ကိုရှောင်ကွင်း၍ တောထဲတွင် ပုန်းအောင်းနေကြရာ အချို့မှာနစ်ပတ်ကျော်ကြာ တောထဲတွင် ပိတ်မိနေခဲ့ကြသည်။

စစ်ပွဲများမှ ထွက်ပြေးတိမ်းရှောင်ရသည့် ရွာသားများအပေါ် လူမဆန်စွာပြုကျင့်မှုဖြစ် စစ်သားများက

---

၁။ Data from Myanmar Peace Monitor 2018 Dashboard, http://www.mmpeacemonitor.org/mpm/211

၂။ Anthony Davis writing in Asia Times 'A vision for war without end in Myanmar', 30 May 2018, http://www.atimes.com/article/a-vision-for-war-without-end-in-myanmar/

၃။ Joint Strategy Team, Humanitarian Situation Update in Kachin State 14th to 28th May 2018, 28 May 2018, https://reliefweb.int/report/myanmar/humanitarian-situation-update-kachin-state-14th-28th-may-2018

၄။ KWAT, 'Burma Army commits war crimes against Kachin IDPs', 16 May 2018, https://reliefweb.int/report/myanmar/update-kachin-women-s-association-thailand-kwat-burma-army-war-crimes-against-kachin

စစ်ရှောင်သူများ၏ပိုင်ဆိုင်မှုများကိုခိုးယူခြင်း၊ ယောကျာ်းများအားကိုယ်တုံးလုံးချွတ်ထားခြင်းနှင့်အမျိုးသမီးများ၏ ရင်သားကို ကိုယ်တွယ်ခြင်းတို့ (ဖြစ်ရပ် ၂) ပြုလုပ်ကြသည်။ စစ်သားများက မည်သည့်ရွာသားက ၎င်းတို့၏ပိုင်ဆိုင်မှုကို သိမ်းထားပြီး မည်သူက သိမ်းဆည်းရမည်ကို ကံစမ်းဆုံးဖြတ်ရွေးချယ်ကြသည်။

စစ်ပွဲအရှိန်မြင့်လာသည့်အတွက် မြစ်ကြီးနားမြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဦးတည်ဆောက်ရွက်လာကြသည်။ ကချင်လူငယ်များ၏စစ်ရှောင်ဒုက္ခသည်များအားအကာအကွယ်ပေးရန်နှင့်စစ်ပွဲများအဆုံးသတ်ရန် လှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ ၎င်းတို့နှင့်အတူ ထပ်တူ သွေးစည်းညီညွတ်သည့် ဆန္ဒပြမှုများ နိုင်ငံတလွှားတွင်ဖြစ်ပွားခဲ့ပြီး ရန်ကုန် တွင် လူ ၃၀၀ ခန့် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သူအချို့ ဖမ်းဆီးခံရပြီး ဥပဒေအရ ရင်ဆိုင်ဖြေရှင်း နေရသည် (လွတ်လပ်စွာ ထုတ်ဖော်ပြောကြားမှု အခန်းတွင်ကြည့်ပါ)။

KIA ထိန်းချုပ်ရာဒေသသို့ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ သွားရောက်နိုင်မှုကို ပိတ်ဆို့ထားဆဲဖြစ်သည်။ ဖွန်လတွင် အစိုးရက ဒေသခံ ဘာသာရေးအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ (MCC) အား အသင်းတော်၏ အဖွဲ့ဝင်များမှ KIA ထိန်းချုပ်မှုအောက်ရှိ ဒေသများသို့ အကူအညီများပေးပို့ပါက မတရားသင်းဆက်သွယ်မှု ဥပဒေပုဒ်မ ၁၇/၁ ဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း မြိမ်းခြောက်စာပို့ခဲ့သည်။ လူသားချင်းစာနာမှု အကူအညီများ တက်ကြွစွာဆောင်ရွက်နေသည့် ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KCB) က အမိန့်ကို လိုက်နာမည်ဖြစ်ပြီး စစ်ရှောင်များကို အကူအညီပေးနိုင်မည့် နောက်ထပ်နည်းများကို ရှာဖွေသွားမည်ဟု ပြောဆိုခဲ့သည်။ အခြားသော ဒေသခံ လူမှုရေးအဖွဲ့ အစည်းများ ကလည်း ၎င်းတို့ ကူညီထောက်ပံ့ မှုမှာ အရည်အတွက်အနည်းငယ်သာရှိ၍ သံသယကြီးထွားစရာ မလိုကြောင်း ပြောဆိုကြသည်။

မြန်မာစစ်သားများက စစ်ရှောင်များနေထိုင်ခဲ့သည့်ရွာများတွင် စစ်စခန်းများ ဆောက်လုပ်ထားသည့်အတွက် စစ်ရှောင်များမှာ အိမ်မပြန်နိုင်ကြတော့ပေ။ တိုက်ပွဲများအပြီး အသစ်ထောင်ထားသည့် မိုင်းအန္တရာယ်ကိုလည်း ရွာသားများမှ ထိတ်လန့်နေကြသည် (ဖြစ်ရပ် ၃)။[၅] အစီရင်ခံစာရေးနေသည့်ကာလတွင် စစ်ရှောင်ဒုက္ခသည် အသစ် ၁၀,၀၀၀ မှာ မြစ်ကြီးနားသို့ ရောက်ရှိလာပြီး ဘုရားကျောင်းများနှင့် ယာယီဂေဟာများတွင် ခိုလှုံနေရသည်။ လူဦးရေကြပ်ညပ်စွာ နေထိုင်ရပြီး သန့်ရှင်းသည့်ရေနှင့် စောင်ရရှိမှု အခက်အခဲနှင့် ကြုံတွေ့နေရသည်။

အစီရင်ခံသည့်ကာလအတွင်း ကချင်အရပ်သားအချို့မှာ ပျောက်ဆုံးနေသည်။ ကချင် စစ်ရှောင်နှစ်ဦးမှာ ဇန်နဝါရီလတွင် တပ်ရင်း ၂၀၆ ၏ ဖမ်းဆီးခြင်းခံရပြီး ၎င်းတို့သေဆုံးနေသည်ကို မတ်လတွင် တွေ့ကြရသည်။ အဆိုပါသတ်ဖြတ်မှုကို စစ်တပ်မှ ၎င်းတို့ကိုယ်တိုင် စုံစမ်းမည်ဟု ပြောဆိုပြီးနောက် ရဲ၏ စုံစမ်းစစ်ဆေးမှုကိုလည်း မတွေ့ရတော့ပေ။ သေဆုံးသွား သူများမှာ KIA မှ ဖြစ်သည်ဟု စစ်တပ်မှ အခိုင်အမာပြောဆိုပြီး ၎င်းတို့၏ မိသားစုဝင်တဦးကို မတရားသင်းဆက်သွယ်မှု ဥပဒေ ၁၇/၁ ဖြင့် တရားစွဲထားသည့်အတွက် သူမမှာ တိမ်းရှောင်ထွက်ပြေးနေရသည်။

ကလေး ၅ ယောက်၏ ဖခင်ဖြစ်သူ ဝါဒူခွန်းအောင်မှာလည်း မတ်လတွင် ခမရ ၄၂၃ ၏ ဖမ်းဆီးခြင်းခံရပြီး သေဆုံးသွားပြီ ဟု မိသားစုက ထင်မှတ်ထားသည်။

၅။ According to documentation by the Halo Trust, an NGO, there were 119 mine explosions in Burma during the period January - May 2018, killing 52 people and injuring 124, quoted in The Irrawaddy: Landmine Blast Kills One, Injures Two in Shan State, 25 July 2018, https://www.irrawaddy.com/news/landmine-blast-kills-one-injures-two-shan-state.html

## ရှမ်းပြည်မြောက်ပိုင်း

ရှမ်းပြည်မြောက်ပိုင်းတွင် စစ်တပ်နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်။ လူ ၁၉ ဦးသေဆုံးခဲ့သည့် လုံခြုံရေးစခန်းများနှင့် ကာစီနို လောင်းကစားရုံများအား TNLA မှ တိုက်ခိုက်မှုအပြီး TNLA အား တုံ့ပြန်သည့် တိုက်ခိုက်ခြင်းဖြစ်သည်။ အရပ်သားများနေထိုင်သည့် ကျေးရွာများမှာ မြန်မာစစ်တပ်၏ ပုံးကြဲတိုက်ခိုက်ရာ ပစ်မှတ်များဖြစ်နေပြီး ရွာသားများဒဏ်ရာရရှိကြသည် (ဖြစ်ရပ်မှန် ၄)။ စစ်တပ်နှင့် ရဲမှ သက်သေမပြနိုင်သော်လည်း ရွာသားများအား မတရားသင်းဆက်သွယ်မှုဥပဒေ ၁၇/၁ ဖြင့် ဆက်လက်ဖမ်းဆီးနေဆဲဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းတွင် ရွာအတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသူတဦးသည် TNLA နှင့် ထိတွေ့ဆက်ဆံပြီးနောက် ပုဒ်မ ၁၇/၁ ဖြင့် ဖမ်းဆီးခံရသည်။ စစ်တပ်နှင့် သက်ဆိုင်သည့်အမှုဖြစ်သဖြင့် ရဲတပ်ဖွဲ့က ၎င်း၏အမှုနှင့် ပတ်သက်ပြီး မည်သို့မျှ ဆောင်ရွက်၍မရကြောင်းလည်း ပြောသည် (ဖြစ်ရပ် ၈)။

TNLA နှင့် ရှမ်းပြည်ပြန်လည်တည်ဆောက်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (RCSS/SSA) အကြားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ၍ အရပ်သားများ လက်နက်ကြီးနှင့် လက်နက်ငယ်ထိမှန် သေဆုံးကြရသည် (ဖြစ်ရပ် ၅)။ KIA မှ အတင်းအကြပ် စစ်သားစုဆောင်းမှုနှင့် အဓမ္မလုပ်အားပေးခိုင်းမှုတို့ကိုလည်း ND-Burma မှ မှတ်တမ်းတင် ရရှိသည် (ဖြစ်ရပ် ၉ နှင့် ၁၀)။ RCSS မှ အတင်းအဓမ္မဖမ်းဆီးမှုကိုလည်း ND-Burma မှ မှတ်တမ်းတင်ထားသည် (ဖြစ်ရပ် ၁၂)။ စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များ တိုက်ပွဲဖြစ်ပွားပြီးနောက် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) မှ မတ်လ ၁၇ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း၊ သိန္နီမြို့နယ်ရှိ အရပ်သား ၁၆ ဦးကို ဖမ်းဆီးခဲ့သည့် သတင်းများကို လည်း ရရှိသည်။[၆]

ရှမ်းပြည်မြောက်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့မျိုးစုံပါဝင်သည့် စစ်ပွဲများ ပြင်းထန်လာမှုကြောင့် အရပ်သားများ မြေမြှုပ်မိုင်း ဒဏ်ကြောင့် သေဆုံး၊ ဒဏ်ရာရမှုများ များပြားလာသည် (ဖြစ်ရပ် ၁၃ နှင့် ၁၄)။

## ရခိုင်ပြည်နယ်

အစီရင်ခံသည့်ကာလအတွင်း မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ပြန်လည် လက်ခံရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးသည်ကို တွေ့ရသည်။ စစ်တပ်၏ အကြမ်းဖက်မှုကြောင့် မွတ်ဆလင် ၇၀၀,၀၀၀ ယမန်နှစ်က ထွက်ပြေးသွားပြီး ဘင်္ဂလားဒေ့ရှ်ရှိ စခန်းများတွင် ခိုလှုံနေကြသည်။

ရခိုင်ပြည်နယ် မြို့တော် စစ်တွေတွင် လက်သည်မပေါ်သည့် ဗုံးပေါက်ကွဲပြီးနောက် နိုင်ငံရေးအကျဉ်းသားဟောင်း နိုင်စိုး အပါအဝင် အရပ်သား ၇ ဦးဖမ်းဆီးခံခဲ့ရသည် (ဖြစ်ရပ် ၁၆)။ နိုင်စိုးသည် အာမခံဖြင့် လွတ်လာပြီး အမှုဖြင့် စွဲဆိုမခံရသော် လည်း စစ်တွေမှ အပြင်သို့ မထွက်နိုင်စေရန် ခြေချုပ်ဖြင့် နေရသည်။

၆။ VOA Burmese, 21 March 2018, https://burmese.voanews.com/a/theinni-shan-villager-16-got-arrested-/4307637.html

## ကရင်ပြည်နယ်

မြန်မာ့တပ်မတော်သည် လမ်းပြုပြင်ရန်အကြောင်းပြကာ ကရင့်အမျိုးသားအစည်းအရုံး (KNLA) ထိန်းချုပ်ရာ ဒေသသို့ ဝင်ရောက်ခဲ့သည်။ KNLA သည် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲ ရေးစာချုပ် (NCA) လက်မှတ်ထိုးထားပြီး စစ်တပ်သည် KNLA ၏ သဘောတူ ခွင့်ပြုချက်မရပဲ ဝင် ရောက်လာသည့်အတွက် NCA သဘောတူချက်ကို ချိုးဖောက်ကာ ဝင်ရောက်ကျူးကျော်ခဲ့ခြင်းဖြစ် သည်။ စစ်တပ်နှင့် KNLA ကြား တိုက်ပွဲကြောင့် အရပ်သား ၂,၀၀၀ ထွက်ပြေးရသည်။ အစီရင်ခံစာ ရေးနေသည့်အချိန်တွင် စစ်တပ်မှ လမ်းပြုပြင်ခြင်း ရပ်နား ထားရန် သဘောတူခဲ့သည်။

## ပင်ဒိုပကွနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

အစိုးရသည် တတတိယအကြိမ်မြောက် ၂၁ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို ဇူလိုင်လ ၁၁ မှ ၁၆ အထိ ကျင်းပခဲ့သည်။ ညီလာခံသို့ပြည်ထောင်စုအစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီများနှင့် အနာဂတ် ဖက်ဒရယ်နိုင်ငံအတွက် အုတ်မြစ်ဖြစ်လာမည့် ပြည်ထောင်စု သဘောတူညီချက်မူကြမ်းကို ဆွေးနွေးညှိနှိုင်းသည့် လက်နက်ကိုင်အုပ်စုများ တက်ရောက်ကြသည်။ နောက်ဆုံးညီလာခံမှ သဘောတူချက် ၁၄ ခုရရှိခဲ့ရာ စုစုပေါင်း သဘောတူချက် ၅၁ ခုရှိလာပြီဖြစ်သည်။ စိန်ခေါ်မှုများရှိနေသည့် အကြောင်းအရာများဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲရေးနှင့် သယံဇာတခွဲဝေရေး ကိစ္စများ မှာ မဆွေးနွေး ရသေးပေ။

အဖွဲ့ ၂ ဖွဲ့ ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သဖြင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိပြီဖြစ်သည်။[၇] သို့သော်လည်း လက်မှတ်ထိုးထားသည့်အဖွဲ့များမှာ ပင်လုံညီလာခံတွင် တရားဝင်ဆွေးနွေးခွင့်ရသည့် အဖွဲ့များဖြစ်ပြီး လက်မှတ်မထိုးထားသည့် အဖွဲ့များဖြစ်သည့် နိုင်ငံရေးမဟာမိတ်အဖြစ် ဖွဲ့စည်းထားကာ အချို့အဖွဲ့များမှာ စစ်တပ်နှင့် တိုက်ခိုက် နေဆဲအဖွဲ့များဖြစ်သည့် ဖက်ဒရယ် နိုင်ငံရေးညှိနှိုင်း ဆွေးနွေးမှုနှင့် အတိုင်ပင်ခံကော်မတီ (FPNCC)၏အဖွဲ့ဝင် ၇ဖွဲ့ မှာ လေ့လာသူအဖြစ်သာ တက်ခွင့်ရသည်။[၈] အစီရင်ခံစာရေးသားနေသည့် ကာလအတွင်း စစ်တပ်၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအကြား အလွတ်သဘော တွေ့ဆုံမှုများကို တွေ့ရသည်။[၉]

NCA ထိုးထားသည့်အဖွဲ့များအနေဖြင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ရန်ကြိုးပမ်းရာတွင် စစ်တပ်၏ ဟန့်တားမှုများကို ကြုံတွေ့ရသည်။ အဆိုပါ နိုင်ငံရေးဆွေးနွေးပွဲများတွင် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအနေဖြင့် ၎င်းတို့နယ်မြေအတွင်းရှိ ပြည်သူလူထု လူတန်းစားပေါင်းစုံအား ငြိမ်းချမ်းရေး

---

၇။ Signatories at the time of writing were: New Mon State Party (NMSP), Lahu Democratic Union (LDU), Karen National Union (KNU), Karen National Liberation Army – Peace Council (KNLA-PC), Democratic Karen Benevolent Army (DKBA), Restoration Council of Shan State/Shan State Army – South (RCSS/SSA-S), All Burma Students Democratic Front (ABSDF), Chin National Front (CNF), and Pa-O National Liberation Organization (PNLO).

၈။ Members at the time of writing were: United Wa State Army (UWSA); Kachin Independence Army (KIA); National Democratic Alliance Army (NDAA); Shan State Progress Party (SSPP); TNLA; Arakan Army (AA); and Myanmar National Democratic Alliance Army (MNDAA).

၉။ For example the military and KIA held two bilateral meetings in February and the government's Peace Commision held meetings with the Shan State Progressive Party (SSPP) in May. Source: Myanmar Peace Monitor 2018 Dashboard, http://www.mmpeacemonitor.org/mpm/211

ညှိနှိုင်းဆွေးနွေးပွဲအတွက် အကြံပြုချက်များ၊ ၎င်းတို့၏ သဘောထားများဆွေးနွေး ပေးပို့နိုင်ရန်ဖြစ်သည်။ NCA သဘောတူချက်အတိုင်း အလေးပေးဆောင်ရွက်သော်လည်း စစ်တပ်က ထိုသို့ပြင်ဆင်ဆောင်ရွက်နေမှုများကို မွန်ပြည် နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဟန့်တားနှောင့်ယှက်ခဲ့ သည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း

အစီရင်ခံသည့်ကာလအတွင်း အစိုးရသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများကို ဥပဒေကြောင်းအရ နှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုများဖြင့် ထိန်းချုပ်ထားသည်။

၂၀၁၇ နှစ်ကုန်တွင် ထောင်ချောက်ဆင် ဖမ်းဆီးခံရသည်ဟု သံသယဖြစ်ဖွယ် ရိုက်တာသတင်းထောက် နှစ်ဦးမှာလည်း ကိုလိုနီခေတ်ကရှိခဲ့သည့် နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် တရားရင်ဆိုင်နေခဲ့ရကာ ထောင်ဒဏ် ၇ နှစ်ချမှတ်ခံရသည်။ ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့မှာ ရခိုင်ပြည်နယ်ရှိအစုအပြုံလိုက်မြှုပ်နှံထားသည့် သင်္ချိုင်းနှင့်ပတ်သက်ပြီး အထောက်အထားများပေးခဲ့သူ ရဲတပ်ဖွဲ့ဝင်နှင့် ညစာစားပြီးအပြန်တွင် ဖမ်းဆီးခံရခြင်းဖြစ်သည်။ မရှေးမနှောင်းမှာပင် သတင်းထောက်များကိုဖမ်းဆီးခဲ့သူ ရဲတစ်ဦးက သတင်းထောက်များကို ထောင်ချောက်ဆင်ဖမ်းဆီးရန် အရာရှိများက အမိန့်ပေးစေခိုင်းခဲ့သည်ဟု အတည်ပြုပြောဆိုခဲ့သည်။ ထိုရဲအရာရှိမှာ ရဲစည်းကမ်းထိန်းသိမ်းမှု ဥပဒေဖြင့် အရေးယူခြင်းခံရသည်။

တရားရုံးတွင် ကိုဝလုံးက ထွက်ဆိုသည်မှာ ၎င်းနှင့် ကိုကျော်စိုးဦးအား စစ်ဆေးနေစဉ်တွင် မျက်နှာဖုံးဖြင့် ဖုံးအုပ်ထားပြီး ဒူးထောက်ကာ အချိန်အကြာကြီး ထိုင်ခိုင်းထားကြောင်း၊ ၃ ရက်ကျော်ကြာ ကောင်းမွန်စွာမအိပ်ခဲ့ရကြောင်း ထွက်ဆိုသည်။ အပြစ်ရှိကြောင်းတွေ့ရှိပါက သတင်းထောက်များမှာ ထောင်ဒဏ် ၁၄ နှစ် ကျခံရဖွယ်ရှိနေသည်။



*တရားရုံးအပြင်ဖက်တွင် တွေ့ရသည့် ကိုဝလုံး။ ဓာတ်ပုံ(ရိုက်တာ)*

အစိုးရ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေးအကျဉ်းသား ၃၆ ဦး လွတ်မြောက်လာသည်ကို ဧပြီလတွင် တွေ့ရှိရသည်။ လွတ်မြောက်လာသူများတွင် စစ်တပ်မှ ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ခိုက်မှုများကို မီဒီယာများအား ကူညီခဲ့သည့်အတွက် မတရားသင်းဆက်သွယ်မှုပုဒ်မ ၁၇/၁ ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ထိန်းသိမ်းခံခဲ့ရသည့် ကချင်သင်းအုပ်ဆရာ ၂ ဦး ပါဝင်သည်။ ၂၀၁၂ ခုနှစ်တွင် ဖမ်းဆီးခံရပြီး ဆိုးဆိုးရွားရွား ညှဉ်းပန်းနှိပ်စက်ခံရသည့် ကချင်လယ်သမားတဦးဖြစ်သူ လဖိုင်ဂမ်လည်း လွတ်မြောက်လာသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ ထောင်မှလွတ်မြောက်လာသော်လည်း ပြန်လည်ကုစားပေး လျော်မှုများမရရှိသလို အစိုးရအနေဖြင့်လည်း "နိုင်ငံရေးအကျဉ်းသား" ဟု တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုခြင်းမရှိသည်မှာ နိုင်ငံရေးအကျဉ်းသားများကို တရားဝင် အသိအမှတ်မပြုသကဲ့သို့ ဖြစ်နေသည်။

ယခုအစီရင်ခံသည့်ကာလတွင် ဆန္ဒပြခွင့်မှာလည်း အကြီးအကျယ်တားဆီးထိန်းချုပ်ခံနေရသည်။ ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်တွင် လူပေါင်း ၄၀၀၀ ခန့် ဆန္ဒပြခဲ့ကြရာ ရဲကပြစ်ခွင်းခဲ့ရာ လူ ၇ ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည် (ဖြစ်ရပ် ၁၅)။ ၁၈ ရာစုတွင် ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးခြင်း နှစ်ပတ်လည်အခမ်းအနားကျင်းပရန်အတွက် ရခိုင်အစိုးရမှ ခွင့်ပြုမိန့် ထုတ်မပေးသည့်အပေါ် ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဧပြီလကုန်မှ မေလအစပိုင်းအထိ ပြုလုပ်ခဲ့ကြသည်။ စစ်တပ်မှ ကချင်အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်သည်ဟု ဆန္ဒပြပွဲဦးဆောင်သူများက စွပ်စွဲပြောကြားမှုအပေါ် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ၎င်းတို့အား အသရေဖျက်မှုဖြင့် တရားစွဲခဲ့သည်။ နောက်ထပ်ဦးဆောင်သူ ၂ဦးကိုလည်း ငြိမ်းချမ်းစွာစုဝေးခွင့် ပုဒ်မ ၁၉ ကိုချိုးဖောက်မှုဖြင့် တရားစွဲထားသည်။ ကချင်လူငယ်များ၏ ဆန္ဒပြပွဲများကိုထောက်ခံပြီး ရန်ကုန်တွင် မေလတွင်ပြုလုပ်သည့် ဆန္ဒပြပွဲကိုလည်း ရဲကအကြမ်းဖက်ဖြိုခွင်းပြီးဦးဆောင်သူ ၁၇ ဦးကိုလည်း လူထုတည်ငြိမ်မှုပျက်ပြားစေရန်နှင့် ခွင့်ပြုချက်မရှိပဲ ဆန္ဒပြမှုနှင့် တရားစွဲခံရသည်။[၁၀]



၂၀၁၈ ခုနှစ် မေလ ၁၅ရက်၊ ဆန္ဒပြသူများအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးနေစဉ်
(ဓာတ်ပုံ - Victoria Milko)

၁၀။ For more background on the repression of the Mytkyina and Yangon protests see: Progressive Voice: 'Time to Hear Our Voices, Freedom of Assembly and the Youth Peace Movement in Myanmar', July 2018, https://progressivevoicemyanmar.org/wp-content/uploads/2018/07/PV_Briefing_Final_Web.pdf

ဇွန်လတွင် ကချင်ပြည်နယ်တွင် စစ်ပွဲများပြန်လည်ဖြစ်ပွားသည့် ၇ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်ရှိအာဏာပိုင်များက တားမြစ်ခဲ့သည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် စစ်ပွဲနှစ်ပတ်လည် ဆုတောင်းပွဲပြုလုပ်ရန် ကြိုတင်ခွင့်ပြုချက်ရရှိ၍ ကျင်းပသော်သော်လည်း ဦးဆောင်သူများကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲခဲ့သည်။




ဇွန်လတွင် ဧရာဝတီတိုင်းဒေသကြီးတွင် မသန်စွမ်းသူကလေးငယ်အား စစ်သားအဖြစ် စုဆောင်းခဲ့သည်ဟု စွပ်စွဲမှုအပေါ် စုံစမ်းရေးသားနေသည့် ဒေသခံသတင်းထောက် ၃ ဦးကို စစ်တပ်မှ ခေတ္တထိန်းသိမ်းခဲ့သည်။

## တရားမျှတမှု

အစီရင်ခံနေသည့်ကာလတွင် လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားအတွက် အစိုးရတပ်ဖွဲ့များ၏ တာဝန်ရှိမှုအဖြစ် ဖိအားပေးမှုအသစ်များ ချမှတ်ခဲ့သည်။ ဥရောပသဂ္ဂနှင့် ကနေဒါမှစစ်တပ်၊ ရဲနှင့် နယ်ခြားစောင့်တပ်မှအရာရှိ ၇ ဦးအပေါ် အရေးယူမှုများချမှတ်ခဲ့သည်။[၁၁] အရေးယူမှုအပေါ် စစ်တပ်မှတိုက်ရိုက်မတုန့်ပြန်သော်လည်း (နိုင်ငံတကာမှ) အရေးယူခဲ့သည့် ဗိုလ်ချုပ်တဦးကို ရာထူးမှနုတ်ထွက်ခွင့်ပြုပြီး နောက်တဦးကို ဆီလျော်မှုမရှိသည့် အကြောင်းပြချက်ဖြင့် ရာထူးမှထုတ်ပယ်ခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ယင်ဟီလီးက လူ့အခွင့်အရေးအကြီးအကျယ်ချိုးဖောက်မှုအတွက် တာဝန်ရှိသူများအပေါ်စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုနိုင်ရန် မြန်မာနိုင်ငံကို နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် တိုက်တွန်းခဲ့သည်။ ICC စုံစမ်းစစ်ဆေးမှုအတွက် ပြင်ဆင်သည့်အနေဖြင့်နိုင်ငံတကာတာဝန်ယူ၊ တာဝန်ခံမှုယန္တရားတရပ်ဖွဲ့စည်းရန်လည်းသူမကအဆိုပြုခဲ့သည်။[၁၂] လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး စွပ်စွဲချက်များအပေါ် စုံစမ်းရန် UN မှ ဖွဲ့စည်းပေးထားသည့် အချက်အလက်ရှာဖွေရေး ကော်မရှင်ဝင်များကဲ့သို့ပင် ယင်ဟီလီးသည် မြန်မာပြည်ဝင်ခွင့်ကို ငြင်းပယ်ခံထားရဆဲဖြစ်သည်။

---

၁၁။ Council Implementing Regulation (EU) 2018/898 of 25 June 2018 implementing Regulation (EU) No 401/2013 concerning restrictive measures in respect of Myanmar/Burma, https://eur-lex.europa.eu/legal-content/en/ALL/?uri=CELEX%3A32018R0898

၁၂။ Oral update by Ms. Yanghee Lee, Special Rapporteur on the situation of human rights in Myanmar at the 38th session of the Human Rights Council, 27 June 2018, https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=23268&LangID=E

အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲမှုများအပေါ် စုံစမ်းစစ်ဆေးရန် နိုင်ငံတွင်းမှ ၂ဦး နှင့် နိုင်ငံတကာမှ ၂ဦးပါဝင်သည့် နိုင်ငံတွင်း စုံစမ်းစစ်ဆေးရေးကော်မရှင်အသစ်ကို ဖွဲ့စည်းခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲခံရသည့် အောက်ခြေစစ်သားများအချို့အားလည်း စစ်တပ်မှ ဥပဒေအရ အရေးယူခဲ့သည်။ ကချင်အရပ်သား ၃ ဦးအား သတ်ဖြတ်မှုဖြင့် ဇန်နဝါရီတွင် စစ်သား ၆ ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မွတ်ဆလင်အမျိုးသားအား သတ်ဖြတ်မှုဖြင့် စစ်သား ၇ ဦးအား ဧပြီလတွင် ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခဲ့သည်။ လက်ရှိအချိန်တွင် တရားရင်ဆိုင်နေသည့် ရိုက်တာသတင်းထောက်များစုံစမ်းခဲ့သည့် အစုလိုက်မြှုပ်နှံထားရာနေရာတွင် အဆိုပါအသတ်ခံရသူအား တွေ့ရခြင်းဖြစ်သည် (လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခန်းတွင်ကြည့်ပါ)။ အမှုများအားစစ်တပ်၏ လျှို့ဝှက်တရားရုံးများတွင် ကြားနာခဲ့ခြင်းဖြစ်သည်။

အစီရင်ခံသည့်ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အစိုးရအနေဖြင့် အဓိပ္ပါယ်ပြည့်ဝသည့် ပြန်လည်ကုစားပေးလျော်မှု တစုံတရာဆောင်ရွက်ပေးခြင်းမရှိပေ။ တိုင်းပြည်တွင်းရှိ အရပ်ဖက်အဖွဲ့အစည်းများကသာ (အစိုးရကိုယ်စား) နစ်နာသူများအား ဆက်လက်ကူညီထောက်ပံ့နေသည်ကို တွေ့ရသည်။ ဖေဖော်ဝါရီလက ရန်ကုန်မြို့တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးရန် တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများက ဖွင့်လှစ်ခဲ့သည်။ အစီရင်ခံစာရေးသားနေသည့်အချိန်တွင် ရှစ်လေးလုံးအထိမ်းအမှတ် ကျောက်တိုင် စိုက်ထူရန်အတွက် ပဲခူးတွင်ဆောင်ရွက်နေသည်။



ဓာတ်ပုံ။ ရှစ်လေးလုံးအထိမ်းအမှတ်ကျောက်တိုင် စတင်တည်ဆောက်နေပုံ
(ဓာတ်ပုံ၊ ဒီမိုကရေစီလှုပ်ရှားမှုကော် မတီ၊ ပဲခူး)

ဇန်နဝါရီလတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဆန်းဇော်ထွေးနှင့် ကိုဇော်မင်း (ခ) ကိုဘောင်းဘောင်းတို့ အသည်းရောဂါဖြင့် ကွယ်လွန်သွားသည်။ ၎င်းတို့မှာ ထောင်သွင်းအကျဉ်းချထားခံရသည့် ကာလများအတွင်း ဆိုးရွားသည့် ထောင်တွင်းအခြေအနေ၏ အကျိုးဆက်အဖြစ် ယခုလို ရောဂါရရှိခံစားကွယ်လွန်ခြင်းဖြစ်သည်။ နှစ်ဦးစလုံးမှာ အစိုးရ၏ အသိအမှတ်ပြုခြင်းနှင့် ပြန်လည်ကုစားပေးလျော်မှုများ မရရှိပေ။

# ဖြစ်ရပ်မှန်များ

### ဖြစ်ရပ်မှန် (၁) ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗုံးကြဲတိုက်ခိုက်ပြီးနောက် ရွာသား ၅ ဦး ဒဏ်ရာရရှိသွားသည်။

ရွာသားများအား မြန်မာစစ်တပ်မှ ဗုံးကြဲတိုက်ခိုက်ပြီးနောက် ရွာသား ၅ ဦး ဒဏ်ရာရရှိသွားသည်။ မိသားစုဝင်အချို့ တနိုင်းရှိ ပယင်းမော်တွင် သွားရောက် အလုပ်လုပ်စဉ် ကျန်ရစ်သူများက သစ်သားအိမ်အတွင်း နေထိုင်ကြစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ တိုက်ခိုက်ခံရသူများမှာ အသက် ၁၈ နှစ်နှင့် ၃၁ နှစ် ရှိ ညီအမနှစ်ဦး၊ အသက် ၁၈ နှစ် လူငယ်တဦးနှင့် ကလေးနှစ်ဦး တို့ဖြစ်သည်။ ၎င်းတို့မှာ တွေဆုံမေးမြန်းမှု ပြုနေစဉ်အတွင်း ရွာမှ ၄ နာရီခန့်ဝေးသည့် ဆေးခန်းတွင် ဆေးကုသမှု ခံယူနေရသည်။



ပယင်းမော်တွင် ပိတ်မိနေစဉ် လမ်းဖွင့်ဖို့စောင့်နေကြသော ပြည်သူများ (ဓါတ်ပုံ KWAT)

### ဖြစ်ရပ် (၂) ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် ကချင်ပြည်နယ်၊ တိုက်ပွဲကြားမှ ထွက်ပြေးသာသူများအား မြန်မာ့တပ်မတော်မှ နှိပ်စက်ခြင်း။။

ဇန်နဝါရီလ ၂၇ ရက်နေ့တွင် KIA ထိန်းချုပ်ရာဒေသ၊ ကချင်ပြည်နယ်  တိုက်လေယာဉ် နှစ်စီးဖြင့် ဗုံးကြဲ တိုက်ခိုက်ရာ ရွာသားတဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားသည်။ အိမ်အချို့မှာလည်း ပျက်စီးသွားသည်။ ရွာသား ၅၀၀ ခန့် တိုက်ခိုက်မှုမှ ထွက်ပြေးကြပြီး အချို့မှာမြန်မာစစ်တပ်၏ ပိတ်ဆို့ထားခြင်းခံရသည်၊ ထွက်ပြေးကြသူများ မှာ စစ်ဆေးရေးဂိတ်ရှိ စစ်သားများ၏ မတော်မတရားပြုကျင့်မှုကို ခံရသည်၊



*အောင်လွတ်တွင် ဗမာ့တပ်မတော် လေယာဉ်မှ လက်နက်ကြီးပစ်ချသောကြောင့်သေဆုံးသွားသူ အသက် (၂၁)ရှိ ကချင်တိုင်းရင်းသားတစ်ဦး ဓါတ်ပုံ (KWAT)*

တိုက်ပွဲကြားမှထွက်ပြေးလာသူ အသက် ၅၇ နှစ်ရှိကချင်အမျိုးသားတဦးအား ND-Burma မှ တွေ့ဆုံမေးမြန်းရာ တိုက်လေယာဉ်များသည် သတိပေးမှု တစုံတရာမလုပ်ပဲ ရွာအတွင်းသို့ ဗုံးကြဲပြီး သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။[၁၇] ရွာသားများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြင့် KIA စစ်သားများ ထွက်လာမည်ဟု ၎င်းကပြောသည်။

တိုက်ခိုက်မှုမှ လွတ်အောင် ထွက်ပြေးနိုင်သူများမှာ မြန်မာစစ်သားများ တာဝန်ယူထားသည့် နယ်စပ်ဂိတ်ကို ပထမဆုံးဖြတ်ကျော်ရသည်။ နယ်စပ်ဂိတ်မှာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ရာဒေသကိုခွဲခြားထားခြင်းဖြစ်သည်။ ထွက်ပြေးလာသူများအားစစ်သားများမှရှာဖွေ၊ စစ်ဆေးမှုများပြုလုပ်သည်။ အမျိုးသမီးများမှာ ရင်သားများကိုင်တွယ်ခံရပြီး အမျိုးသားများကို ကိုယ်တုံးလုံးချွတ်ထားကြသည်။ စစ်သားများကမော်တော်ဆိုင်ကယ်၊ လက်ကိုင်ဖုန်းနှင့် ပိုက်ဆံကို ရွာသားများထံမှ သိမ်းပိုက်ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားတွင် ကျပ် ၁ သိန်း ( အမေရိကန် ဒေါ်လာ ၇၅ ဒေါ်လာ ခန့်) ပါရှိပြီး သူ့ထံမှသိမ်းယူသွားသည်။ စစ်သားများက မည်သည့်ရွာသားထံတွင် ပိုင်ဆိုင်မှုများပါနိုင်ပြီး မည်သူကသိမ်းဆည်း ရမည်ကို ကံစမ်းသည့်သဘောဖြင့် ဆုံးဖြတ်ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သည့်ရွာသားကပြောသည်မှာ စစ်သားများက စစ်ဆေးမေးမြန်းပြီးနောက် ရွာသား ၃၀ – ၄၀ ခန့် ဖမ်းဆီးခံရပြီး အချုပ်မှာရိုက်နက်ခံရသည်။ ဆက်လက်ထွက်ခွာခွင့် ရသူများအားလည်း လှည့်မကြည့်ရန်နှင့် လှည့်ကြည့်ပါက ပစ်ခတ်မည်ဟု သတိပေးခံရသည်။

## ဖြစ်ရပ် (၃) ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် အမျိုးသမီး မိုင်းဒဏ်ရာဖြင့်သေဆုံးပြီးအမျိုးသား နှစ်ဦး ဒဏ်ရာရရှိသွားသည်။

တနိုင်းမြို့နယ်အတွင်း စစ်တပ်နှင့် KIA တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် မြေမြှုပ်မိုင်း နှစ်လုံးပေါက်ကွဲမှုကြောင့် အမျိုးသမီးတဦးသေဆုံးပြီးအမျိုးသားနှစ်ဦးဒဏ်ရာရသွားသည်။ မိုင်းများကိုရွာအနီးတွင်ထောင်ထားခြင်းဖြစ်ပြီး တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားအပြောအရ စစ်တပ်မှထောင်ထားခြင်းဖြစ်သည်။ မိုင်းကြောင့် သေဆုံးသွားသူ အမျိုးသမီး၏ ရုပ်အလောင်းကို ရှာမတွေ့တော့ပေ။

၁၇။ Leaflets are sometimes dropped- reference a case where leaflets were dropped.

### ဖြစ်ရပ်မှန် (၄) ၂၀၁၈ ခုနှစ် မတ်လ ၈ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် မြန်မာ့တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ရွာသား ၂ ဦး ဒဏ်ရာရသွားသည်။

မြန်မာ့တပ်မတော်မှ ရှမ်းပြည်မြောက်ပိုင်း နမ်းခမ်းမြို့နယ် မန်စက်ကျေးရွာသို့ လက်နက်ကြီးများနှင့် ပစ်ခတ်ချိန်တွင် အသက် ၆၅ နှစ်ရှိ အမျိုးသားတဦးနှင့် သူ့ဇနီးတို့ အိမ်တွင်ရှိနေကြသည်။ ၎င်းတို့အိမ်ပေါ်သို့ လက်နက်ကြီးကျရောက် ပေါက်ကွဲသဖြင့် နှစ်ယောက်လုံး ဒဏ်ရာရကာ ဆေးရုံတွင် တပတ်ကြာကုသခဲ့ရသည်။ စစ်တပ်အနေဖြင့် TNLA ကို တိုက်ခိုက်သည့်အနေဖြင့် ရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပတ်ခတ်ခြင်းဖြစ်သည်။

### ဖြစ်ရပ်မှန်(၅) ၂၀၁၈ ခုနှစ် မတ်လ ၁၀ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် လက်နက်ကိုင်အဖွဲ့များ လက်နက်ကြီး လက်နက်ငယ်များ ပစ်ခတ်မှုကြောင့် ရွာသားများသေဆုံး၊ ဒဏ်ရာရရှိသွားခြင်း။

TNLA နှင့် RCSS/SSA တို့ တော်ဖယ်နှင့် ခွန်ကောက်ရွာများတွင် တိုက်ပွဲဖြစ်ပွားသဖြင့် ရွာသားများ ထိခိုက်သေဆုံးရခြင်းဖြစ်သည်။ တော်ဖယ်ကျေးရွာမှ ထွက်ပြေးလာသည့် ရွာသားက ND-Burma ကိုပြောသည်မှာ လက်နက်ကြီးအလုံး ၂၀ ခန့် ရွာအတွင်းကျရောက်ပြီး ရွာသားတဦးသေဆုံးသွားသည်။ အသက် ၅၂ နှစ်ရှိ အမျိုးသမီးနှင့် အသက် ၇၀ အမျိုးသားတဦးမှာ ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းများအားသွားရောက်ယူဆောင်ပြီး နောက် RCSS/SSA စစ်သားများ၏ ပတ်သတ်ခြင်းခံရသည်။ ခွန်မောင်ရွာမှထွက်ပြေးလာသည့် နောက်ထပ်ရွာသားတဦးမှာလည်း မြေမြှုပ်မိုင်းကြောင့် သေဆုံးသွားသည်။

### ဖြစ်ရပ်မှန် (၆) ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် မြန်မာ့တပ်မတော်က ရွာသားများ၏ နေအိမ်ကို မီးရှို့ကာ ၎င်းတို့၏ပိုင်ဆိုင်မှုများကို ခိုးယူသွားသည်။

ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်ရှိ ရွာအနီးတွင် စစ်တပ်နှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားသဖြင့် ထွက်ပြေးသွားသူများ သည် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရွာသို့ ပြန်လာရာ မြန်မာ့တပ်မတော် တပ်ရင်း ၅၀၄ က ရွာအဝင်ဝတွင် တပ်စခန်း ဆောက်လုပ်ထားပြီး ရွာသားများပိုင်ဆိုင်သည့် ပစ္စည်းများကို မီးရှို့ ခိုးယူထားသည်ကို တွေ့ရသည်။ အိမ် ၃ လုံးမီးလောင် သွားပြီး ကျန်အိမ်များမှာလည်း ဆိုးဆိုးရွားရွား ပျက်စီးသွားသည်။

### ဖြစ်ရပ်မှန် (၇) ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့က ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် မြန်မာစစ်သားများက ကချင်အမျိုးသားကို ရိုက်နှက်ဖမ်းဆီးခဲ့သည်။

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် အသက် ၄၁ နှစ်အရွယ် ကချင်လယ်သမားတဦးသည် လယ်တောမှ ဆန်ပို့ပြီးအပြန်လမ်းတွင် ၎င်းနှင့်အတူ အခြားရွာသား ၃ ဦးမှာ တပ်ရင်း ၃၁၈ မှ စစ်သားများ၏ ဖမ်းဆီးခြင်းကိုခံရသည်။ စစ်သားများက ၎င်းတို့ကို ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ကြသည်။ အရိုက်ခံရသူတဦးမှ ND-Burma သို့ ပြောသည်မှာ "သူတို့ ကျနော်တို့ကို ရိုက်နေတာက ကောက်ညှင်းဆိုရင် အမှုန့်တောင်ဖြစ်လောက်တယ်"။ ရွာသားများ၏ မျက်လုံးကိုဖုံးအုပ်ထားပြီး စစ်တပ်သို့ခေါ် ဆောင်ခြင်းခံရပြီး ထင်းစများ၊ သေနတ်ဒင်နှင့် ကြိုးတို့ဖြင့် ရိုက်နှက်ခံရသည်။ အဆိုပါရွာသားအား တခြားရွာသားများခွဲထားကာ ကျင်းတူးခိုင်းပြီး ကျင်းအနီးတွင်ထိုင်ခိုင်းကာ သေနတ်နှင့်ပစ်မည်ဟု ပြောဆိုခဲ့သည်။ KIA အား ရိက္ခာများထောက်ပံ့သည်ဟု သူ့ကိုစစ်သားများက စွပ်စွဲကြသည်။



*မြန်မာစစ်တပ်၏ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသော ကချင်တိုင်းရင်းသားတစ်ဦး (ဓါတ်ပုံ KWAT)*

အဆိုပါရွာသားက သူသည်တောထဲတွင်နေသူဖြစ်၍ သူ့အိမ်သို့ KIA စစ်သားများ တခါတရံ လာရောက်ကြသည်ဟုပြောသည်။ သူ့ကိုညဘက်တွင် ချုပ်နှောင်ထားပြီး ရေနှင့်စားစရာလည်း မပေးချေ။

သူ၏ ဆွေမျိုးများက စစ်တပ်သို့ လာရောက်ပြီး ၎င်းမှာ KIA မှ မဟုတ်ကြောင်း အာမခံပြီးနောက် ၄ ရက်အကြာတွင် သူ့ကို ပြန်လွှတ်ပေးလိုက်သည်။ အခြားသုံးဦးကိုလည်း သူနှင့်အတူ လွှတ်ပေးလိုက်သည်။ နှိပ်စက်မှုဒဏ်ကြောင့် သူ့ခန္ဓာကိုယ်အနံ့ နာကျင်နေပြီး အစာလည်း ဝါး၍မရပေ။ စစ်သားများက သူ့ဒဏ်ရာကို ကုသမပေးကြပဲ ၎င်းကိုယ်တိုင် ရိုးရာဆေးများဖြင့် ဒဏ်ရာသက်သာအောင်ကုနေရသည်။ အစိုးရအား မည်သို့ကိုင်တွယ်ဆောင်ရွက်စေလိုသနည်းဟု မေးသည့်အခါ "သူတို့က အရပ်သားတွေကိုညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်၊ မုဒိန်းကျင့်တယ်။ ကျနော့်ဒေသထဲမှာ ဒါမျိုးတွေ မဖြစ်စေချင်ဘူး။ အဲလိုလုပ်တဲ့မြန်မာစစ်သားတွေကို ကျနော်မုန်းတယ်" ဟု ပြောသည်။

## ဖြစ်ရပ်မှန်(ဂ) ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် ကျေးရွာလူကြီးတဦးကိုမတရားသင်းဆက်သွယ်မှုဖြင့် တရားစွဲလိုက်သည်။

တမခ ၇၇ လက်အောက်ခံ တပ်ရင်း ၁၀၅ မှ စစ်သားများက ထိုက်တန်ရွာမှ အတွင်းရေးမှူးအား TNLA စစ်သားဟု စွပ်စွဲကာဖမ်းဆီးခဲ့သည်။ သူ့အား မတရားသင်းဆက်သွယ်မှုပုဒ်မ ၁၇/၁ ဖြင့် တရားစွဲထားသည်။ စစ်တပ်က သူ့အားစစ်ကြောရာတွင် TNLA သတင်းပေးဖြစ်သည်ဟု စွပ်စွဲခံရသည်။ ရဲအရာရှိများက ကျေးရွာအုပ်ချုပ်ရေးမှူးအားယခုအမှုသည်စစ်တပ်နှင့်သက်ဆိုင်သဖြင့်၎င်းတို့အနေဖြင့်မည်သို့မျှမတတ်နိုင်ကြောင်းပြောသည်။ ကျေးရွာအတွင်းရေးမှူးသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရသည်ဟု ရွာသားများကထောက်ပြကြသည်။ ယခုအစီရင်ခံစာရေးနေ ချိန်အထိ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

## ဖြစ်ရပ်မှန် (ဃ) ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၂၄ ရက်အထိ ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် KIA မှ ရွာသားများအား ဖမ်းဆီးပြီး အလုပ်ကြမ်းခိုင်းစေခြင်း။

ရွာသား ၂၇ ဦးသည်ကြံ့ခုတ်နေစဉ် KIA တပ်များ၏ ဖမ်းဆီးခြင်းခံရသည်။ ဖမ်းဆီးခံရသူများမှာ တအာန်း၊ ကချင်၊ ဗမာနှင့် တရုတ်လူမျိုးတို့ဖြစ်သည်။ ၎င်းတို့အား KIA တပ်စခန်းသို့ခေါ်သွားပြီး ရေခပ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းတို့ကို စေခိုင်းသည်။ စစ်သင်တန်းလည်း အတင်းအကြပ် တက်ရောက်စေသည်။ ၎င်းတို့ဖုန်းများအား သိမ်းဆည်းထားပြီး ထွက်ပြေးပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။ ရွာသားအားလုံး ဖေဖော်ဝါရီ ၂၄ တွင် လွတ်မြောက်လာကြသည်။

**ဖြစ်ရပ်မှန် (၁၀)၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် KIA မှ ၁၅ နှစ် သမီးတဦးကို အတင်းအကြပ် စစ်မှုထမ်းစေခဲ့သည်။**

အသက် ၁၅ နှစ်အရွယ်ရှိ ကချင်မိန်းကလေးငယ်တဦးအိမ်တွင် အဖော်များနှင့် ဆော့ကစားနေစဉ် KIA စစ်သား ၆ ယောက် ရောက်ရှိလာပြီး ၎င်းတို့စခန်းသို့ ခေါ်သွားသည်။ မိဘများက ရွာလူကြီးများအား ကလေးမအားလွှတ်ပေးရန် အကူအညီတောင်းခိုင်းသည့်အခါ KIA က စစ်သင်တန်းပြီးလျှင် ပြန်လွှတ်ပေးမည်ဟု သဘောတူခဲ့သည်။ သင်တန်းပြီးသော်လည်း သူမမှာ စခန်းတွင်ရှိနေပြီး မိဘများမှာလည်း တွေ့ခွင့်မရပေ။ ကလေးမနှင့် ဆက်သွယ်ရန် KIA မှ ပေးထားသော ဖုန်းနံပတ်မှာလည်း တခြားလူတယောက်၏ ဖုန်းဖြစ်နေသည်။

**ဖြစ်ရပ်မှန် (၁၁) ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် စိတ်ဝေဒနာရှင်အမျိုးသမီးအား စစ်သားတဦးမှ အဓမ္မပြုကျင့်ခြင်း။**

ခလရ ၁၄၈ မှ စစ်သားတဦးသည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ပန်ထန်ရွာမှ အသက် ၃၂ နှစ်ရှိ စိတ်ဝေဒနာရှင် အမျိုးသမီးတဦးအား အဓမ္မပြုကျင့်ခဲ့သည်။ စစ်သားမှ အဓမ္မပြုကျင့်နေစဉ် အမျိုးသမီး၏ အကိုဖြစ်သူရောက်လာရာ စစ်သားကအကိုဖြစ်သူအား သေနတ်ဖြင့်ချိန်ထား၍ ဘာမှမတတ်နိုင်ခဲ့ပေ။ အမျိုးသမီး၏အကိုက တပ်ရင်းရှိ စစ်ဗိုလ်တဦးအား တိုင်ကြားရာ သူ့အား ကျပ် ၂ သိန်း (အမေရိကန်ဒေါ်လာ ၁၅၀ ခန့်) လျော်ကြေးအနေဖြင့်ပေးခဲ့သည်။ စစ်ဗိုလ်က စစ်သားအား ပါးရိုက်အပြစ်ပေးပြီး ရွာသားများအားလည်း အမှုပိတ်ပစ်ရန် ပြောခဲ့သည်။

**ဖြစ်ရပ်မှန် (၁၂) ၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် ရွာသား ၅ ဦးအား RCSS/SSA စစ်သားများမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။**

RCSS/SSA နှင့် TNLA တို့ တိုက်ပွဲအပြီးတွင် RCSS/SSA စစ်သားများမှ တအာန်းရွာသား ၅ ဦးအား ဖမ်းဆီးခဲ့သည်။ အဆိုပါ ရွာသားများမှာ တိုက်ပွဲဖြစ်နေစဉ် ဘုန်းကြီးကျောင်းတွင် ခိုလှုံနေရာမှ တိုက်ပွဲအပြီးတွင် ရွာသို့ပြန်လာရာ ဖမ်းဆီးခံရခြင်းဖြစ်သည်။ ယခုအစီရင်ခံစာရေးနေသည့်အချိန်ထိ ရွာသားများအား ဖမ်းဆီးထားပြီး မည်သည့်နေရာတွင် ရှိနေသည်ကို မသိရပေ။

**ဖြစ်ရပ်မှန် (၁၃) ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်မြောက်ပိုင်း နမ္မဆန်မြို့နယ်တွင်ရွာသားနှစ်ဦး မြေမြှုပ်မိုင်းထိ၍သေဆုံးသွားခြင်း။**

ရှမ်းပြည်မြောက်ပိုင်း နမ္မဆန်မြို့နယ်တွင် အမျိုးသမီးတဦးနှင့် အမျိုးသားတဦး နှစ်နေရာတွင် မိုင်းကြောင့် တရက်တည်း သေဆုံးမှုဖြစ်ပွားခဲ့သည်။ အသက် ၂၀ ရှိ အမျိုးသမီးတဦးသည် မိခင်နှင့်အတူ အဖိုး၊ အဖွားများအား သွားရောက်တွေ့ဆုံစဉ် မိုင်းနင်းမိပြီး ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာရရှိသွားသည်။ ဆေးရုံသို့ပို့နေစဉ်ပင် လမ်းတွင် သေဆုံးသွားသည်။

တရက်တည်းတွင်ပင် အသက် ၃၂ နှစ်အရွယ်ရှိ အမျိုးသားတဦးမှာလည်း တမြို့နယ်ထဲရှိ ကျေးရွာအနီးတွင် မိုင်းနင်းမိ၍ သေဆုံးသွားသည်။ ရွာသားများအပြောအရ စစ်တပ်နှင့် TNLA တို့ လှုပ်ရှားသည့် နယ်မြေဖြစ်ပြီး မည်သည့်အဖွဲ့ ထောင်ထားသည်ကို အတိအကျမသိပေ။

### ဖြစ်ရပ်မှန် (၁၄) ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ့်တူမြို့နယ်တွင် ရွာသားတဦး မိုင်းကြောင့်သေဆုံးသွားသည်။

အသက် ၃၉ နှစ်အရွယ်ရှိ တအာန်းရွာသားတဦး မိုင်းနင်းမိ၍ သေဆုံးသွားပြီး မိုင်းမှာ RCSS/SSA အဖွဲ့က ထောင်ထားခြင်းဖြစ်သည်ဟု ရွာသားများက သံသယဖြစ်ကြသည်။

ရွာသားတဦးက "ကျနော့်အမြင်အရကတော့ ဒီကိစ္စ ရှမ်းတပ်တွေမှာ တာဝန်ရှိတယ်။ ဒါပေမယ့် ကျနော် ဒီလိုပြောတယ်လို့ သူတို့သိသွားရင် သူတို့လက်တုန့်ပြန်မှာကို ကျနော် စိုးရိမ်တယ်။ နောက်ဆုံးတော့ ရွာသားတွေပဲ စစ်ရဲ့ မြေစာပင်ဖြစ်ရတယ်"။ ရွာသားများအပြောအရ ၂၀၁၇ ဒီဇင်ဘာမှစပြီး မိုင်း ၅ လုံးပေါက်ကွဲခဲ့ရာ ရွာသားတဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ရွာသားများက အစိုးရအနေဖြင့် ၎င်းတို့နယ်မြေအား မိုင်းရှင်းလင်းပေးရန် တောင်းဆိုထားသည်။

### ဖြစ်ရပ်မှန် (၁၅) ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့က ရခိုင်ပြည်နယ် မြောက်ဦးတွင် ရဲက အသက် ၂၃ နှစ်အရွယ် အမျိုးသား တစ်ဦးကို ညှဉ်းပန်းနှိပ်စက်ရာသေဆုံးသွားသည်။

ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးခြင်း အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားကျင်းပရန် တောင်းဆိုဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် အသက် ၂၃ နှစ်အရွယ် ရခိုင်အမျိုးသားတဦးအား ရဲက ညှဉ်းပန်းနှိပ်စက်ရာ သေဆုံးသွား သည်။ လူပေါင်း ၄၀၀၀ ခန့် အစိုးရအဆောက်အဦးကို စီတန်းလှည့်လည်ပြီး နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနား ကျင်းပခွင့်ပေးရန် တောင်းဆိုဆန္ဒပြကြရာ ရဲတပ်ဖွဲ့က လူအုပ်ထဲသို့ ရာဘာသေနတ်ကျည်ဖြင့် ပစ်ခတ်ခဲ့သည်။ သေဆုံးသွားသူမှာ ရဲစခန်းသို့ ဖမ်းဆီးခြင်းခံရပြီး သေဆုံးသည်အထိ ထိုးကြိတ်ခြင်းခံရသည်။ ရဲများက သူ့ရုပ်အလောင်းကို နောက်နေ့တွင် ဆေးရုံသို့ ပို့ဆောင်ခဲ့ သည်။ ရဲတပ်ဖွဲ့ကြောင့် လူ ၇ ဦးသေဆုံးပြီးနောက်ထပ် ၁၂ ဦး ဒဏ်ရာရခဲ့သည်။



*ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် သေဆုံးသွားသူ အသက်(၁၈)နှစ်ရှိ တိုင်းရင်းသားတစ်ဦး ဓါတ်ပုံ (AASYC)*

**ဖြစ်ရပ်မှန် (၁၆) ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် ဗုံးပေါက်ကွဲပြီးနောက် နိုင်ငံရေးအကျဉ်းသားတစ်ဦးအား မတရားဖမ်းဆီးခဲ့သည်။**

ဖေဖော်ဝါရီ ၂၄ ရက်နေ့က ရခိုင်ပြည်နယ် မြို့တော်စစ်တွေတွင် အစိုးရအဆောက်အဦး ၃ နေရာဗုံးခွဲတိုက်ခိုက်ခံရသည်။ မည်သည့်အဖွဲ့ကမှ ၎င်းတို့လုပ်ရပ်အဖြစ် မထုတ်ဖော်ခဲ့ပေ၊ နောက်တနေ့တွင် နိုင်ငံရေးအကျဉ်းသားဟောင်း ကို နိုင်စိုး အပါအဝင် လူ ၈ ဦးဖမ်းဆီးခံရသည်။ သူက ND-Burma သို့ ပြောသည်မှာ ရဲများအနေဖြင့် ဖမ်းဝရမ်းလည်းမပြသလို မည်သည့်အတွက်ကြောင့် ဖမ်းဆီးသည်ကိုလည်း ရှင်းလင်းပြောဆိုခြင်းမပြုပေ။ မတ်လတွင် သူ့အား အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ပြစ်မှုကျူးလွန်သည်ဟု တရားစွဲမခံရသော်လည်း ၎င်းအားဆင့်ခေါ်ပါက ရဲစခန်းသို့ သွားရောက်လူလုံးပြရသည်။ အာမခံဖြင့် လွတ်မြောက်ပြီးချိန်မှစ၍ စစ်တွေမှ ပြင်ပသို့ ထွက်ခွာခွင့်မရပေ။

## နီကိုး

စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများပြင်ထန်လာနေမှုကြောင့် အကျိုးဆက်အနေဖြင့် အရပ်သားများအပေါ်ကျူးလွန်သည့် စစ်ပွဲအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma မှ အများအပြား မှတ်တမ်းတင်နိုင်ခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားကို အစိုးရတပ်မှ စစ်သားများကကျူးလွန်ကြပြီး လက်နက်ကိုင်အဖွဲ့မှမဟုတ်သည့် အရပ်သားများအပေါ်အမြဲတစေ ရက်ရက်စက်စက်ပြုမူကြသည်။ အဆိုပါကျူးလွန်မှုများကို ND-Burma မှ မှတ်တမ်းတင်ထားသည့် ညှဉ်းပန်းနှိပ်စက်မှု ဖြစ်ရပ်များတွင် တွေ့မြင်နိုင်ကြပြီး တိုင်းရင်းသားပြည်သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အားပေးကူညီနေသည်ဟု စွပ်စွဲမှုများနှင့် ပတ်သက်ဆက်စပ်နေကြသည်။ အားပေးကူညီခြင်းဆိုသည်မှာ ဆန်တစ်အိတ် (သို့) တစ်ညတာ ညအိပ်ခွင့်ပြုခြင်းတို့ပါဝင်ပြီး တိုင်းရင်းသား ပြည်သူများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား ထောက်ပံ့ပေးသည့်အခါတိုင်း ရတက်မအေးမှုများခံစားကြရသည်။ စစ်တပ်အနေဖြင့် ဥပဒေဖြင့် နှိပ်ကွပ်မှုများလည်း ပြုလုပ်သည်။ အထူးသဖြင့် မတရားသင်းဆက် သွယ်မှုပုဒ်မ ၁၇/၁ ကို တိုင်းရင်းသားပြည်သူများအပေါ်ဖိနှိပ်ရန် အသုံးပြုနေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြသည်။ မြေမြှုပ်မိုင်းများအသုံးပြုကြပြီး စစ်ဖြစ်နေသည့်ဒေသများတွင် လူအသေအပျောက်နှင့် ဒဏ်ရာအနာတရ ရရှိမှုများ တိုးပွားလာစေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း တခါတရံတွင် ရွာသားများနေထိုင်သည့် ရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် စခန်းချသည့်အတွက် အစိုးရတပ်များမှ လက်နက်ကြီးငယ်များဖြင့် ပစ်ခတ်ခြင်းခံရစေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ရွာသားများအားရိက္ခာနှင့် တည်းခိုခွင့်ပြုရန် တောင်းခံမှုကလည်း ရွာသားများအပေါ်စစ်တပ်၏ လက်တုန့်ပြန်မှုကို ခံရစေနိုင်သည်။

လူ့အသက်နှင့် ဂုဏ်သိက္ခာအပေါ် တန်ဖိုးမထားမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုND-Burmaမှမှတ်တမ်းတင်ထားသည်။တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့်အပြစ်ကျူးလွန်သော်လည်းအပြစ်ပေးအရေးယူခံရခြင်းမှ လွတ်မြောက်နေမှုတို့ကြောင့်လည်း နစ်နာခံစားရသူ အများစုမှာ တရားမျှတမှုကိုမရရှိကြသလိုဝင်းတို့တွေကြုံခံစားရမှုများအတွက်လည်းပြန်လည်ကုစားပေးလျော်မှုများမရရှိကြပေ။လူ့အခွင့်အရေးချိုးဖောက်ခံရသူများသည် ကျမ်းမာရေးစောင့်ရှောက်မှုနှင့် ဘဝရှင်သန်ရပ်တည်မှုအတွက် အထောက် အပံ့များကဲ့သို့ အရေးပေါ်နှင့် အရေးပါသည့် အကူအညီများလိုအပ်နေကြောင်းပြသသည့် အချက်အလက်များဖြစ်သည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် နစ်နာခံစားရသူများ၏ လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးမည့် ပြန်လည်ကုစားပေးလျော်မှုလုပ်ငန်းစဉ်ကို အဆောတလျင် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် စနစ်တရပ်ကိုလည်း ထူထောင်ရန် လိုအပ်သည်။

ဇန်နဝါရီလမှ ဇွန်လ ၂၀၁၈ ခုနှစ်အတွင်း ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

| စဉ် | လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများ | အရေအတွက် |
|---|---|---|
| ၁။ | စိတ်ထင်တိုင်း မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း | ၆ |
| ၂။ | ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း | ၁ |
| ၃။ | အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း | ၁ |
| ၄။ | အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းခြင်း | ၂ |
| ၅။ | လူကုန်ကူးခြင်း | ၁ |
| ၆။ | သတ်ဖြတ်ခြင်း | ၁၆ |
| ၇။ | မုဒိန်းကျင့်ခြင်း | ၁ |
| ၈။ | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း | ၁ |
| ၉။ | လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း | ၁ |
| ၁၀။ | ညှဉ်းပန်းနှိပ်စက်ခြင်း | ၂၈ |
| ၁၁။ | ကလေးစစ်သားအသုံးပြုခြင်း | ၁ |
| **စုစုပေါင်း** | | **၅၉** |

ဇန်နဝါရီလမှ ဇွန်လ ၂၀၁၈ ခုနှစ်အတွင်း ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ (လအလိုက်)

| လအလိုက်လူ့အခွင့်အရေး ချိုးဖောက်မှုများ ဇန်နဝါရီမှ ဇွန်လအထိ | စိတ်ထင်တိုင်း မတရားဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း | ပစ္စည်းဥစ္စာများကို သိမ်းဆည်း ခြင်းနှင့် ဖျက်ဆီးခြင်း | အတင်းအဓမ္မ လုပ်အားပေး ခိုင်းစေခြင်း | အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းခြင်း | လူကုန်ကူးခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြော ဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း | လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း | ညှဉ်းပန်းနှိပ်စက်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | ၁ | ၁ | | | | ၁ | | | | | | ၃ |
| ဖေဖော်ဝါရီ | ၂ | | | | ၁ | ၆ | | | ၁ | ၃ | ၁ | ၁၄ |
| မတ် | ၃ | | ၁ | | | ၃ | ၁ | ၁ | | ၁၆ | | ၂၅ |
| ဧပြီ | | | | ၁ | | ၂ | | | | ၁ | | ၄ |
| မေ | | | | | | ၁ | | | | ၅ | | ၆ |
| ဇွန် | | | | ၁ | | ၃ | | | | ၃ | | ၇ |
| စုစုပေါင်း | ၆ | ၁ | ၁ | ၂ | ၁ | ၁၆ | ၁ | ၁ | ၁ | ၂၈ | ၁ | ၅၉ |

ဇန်နဝါရီလမှ ဇွန်လ ၂၀၁၈ ခုနှစ်အတွင်း ND-Burma မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်

| လအလိုက်လူ့အခွင့်အရေး ချိုးဖောက်မှုများ ဇန်နဝါရီ | စိတ်ထင်တိုင်း မတရားဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း | ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း | အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း | အတင်းအဓမ္မ နေရပ်မှ ရွှေ့ပြောင်းခြင်း | လူကုန်ကူးခြင်း | သတ်ဖြတ်ခြင်း | မုဒိန်းကျင့်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်တားဆီးခြင်း | လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း | ညှဉ်းပန်းနှိပ်စက်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရခိုင်ပြည်နယ် | ၁ | | | | | ၆ | | ၁ | | | | ၈ |
| ပဲခူးတိုင်း | | | | | | | | | | ၃ | | ၃ |
| ချင်းပြည်နယ် | | | | | | | | | | ၁ | | ၁ |
| ကချင်ပြည်နယ် | ၁ | | ၁ | ၂ | | ၇ | | | ၁ | ၅ | | ၁၇ |
| ဧရာဝတီတိုင်း | | | | | | | | | | ၃ | | ၃ |
| မန္တလေးတိုင်း | | | | | | | | | | ၁ | | ၁ |
| မွန်ပြည်နယ် | | | | | | | | | | ၁ | | ၁ |
| ရန်ကုန်တိုင်း | | | | | ၁ | | | | | ၅ | ၁ | ၇ |
| ရှမ်းပြည်နယ် | ၄ | ၁ | | | | ၃ | ၁ | | | ၈ | | ၁၇ |
| တနင်္သာရီတိုင်း | | | | | | | | | | ၁ | | ၁ |
| စုစုပေါင်း | ၆ | ၁ | ၁ | ၂ | ၁ | ၁၆ | ၁ | ၁ | ၁ | ၂၈ | ၁ | ၅၉ |

Network for Human Rights Documentation - Burma
ND - Burma

GPO 315
Chiang Mai 50000
Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org